# ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးနှင့် စိတ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ချိတ်ဆက်ညွှန်းပို့ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဆောင်ရွက်ခြင်း

အစည်းအဝေးကျင်းပသည့်နေ့ရက် - (၁၄-၈-၂၀၁၉) မှ (၁၆-၈-၂၀၁၉) ထိ

အစည်းအဝေးကျင်းပသည့်အချိန် - နံနက် (၈ : ၃၀) နာရီ

အစည်းအဝေးကျင်းပသည့်နေရာ - မြတ်နန်းယုံဟိုတယ်၊ နေပြည်တော်

## ၁။ နိဒါန်း

မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင့်မြှင့်တင်ပေးရန်အတွက် ဆေးရုံကြီးများ၏ ဝန်ဆောင်မှုလုပ်ငန်းများ မြှင့်တင်ပေးရန် လိုအပ်လာပါသည်။ အဆိုပါ ဝန်ဆောင်မှုလုပ်ငန်းကိုအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဆရာဝန်၊ သူနာပြု၊ ဆေးဘက် ဆိုင်ရာကျွမ်းကျင်ဝန်ထမ်းများနှင့် ဆေးလူမှုဆက်ဆံရေးဝန်ထမ်းများအတူတကွ ပူးပေါင်းဆောင် ရွက်နေသည့်အပြင် နီးနွယ်ဆက်စပ်နေသောအခြားဝန်ကြီးဌာနများနှင့် ညွှန်းပို့ချိတ်ဆက်ခြင်း ကွန်ရက်စနစ်တစ်ခု စနစ်တကျ စတင်တည်ထောင်ဆောင်ရွက်ရန်အတွက် အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားကျင်းပပြုလုပ်ခဲ့ပါသည်။ အခမ်းအနားကို(၁၄-၈-၂၀၁၉)ရက်နေ့တွင်စတင်ဖွင့်လှစ်ခဲ့ပြီး ဒေါက်တာသာထွန်းကျော်၊ အမြဲတမ်းအတွင်းဝန်၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ အဖွင့် အမှာစကားပြောကြား ဖွင့်လှစ်ပေးခဲ့ပါသည်။ အခမ်းအနားသို့ ကုသရေးဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ စိတ်ကျန်းမာရေးအထူးကုဆရာဝန်ကြီးများ၊ ဗဟိုအဆင့်ဆေးရုံအုပ်ကြီး များ၊ တိုင်းဒေသကြီး/ပြည်နယ်များမှ ကိုယ်စားလှယ်များ၊ ဆေးရုံအုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ ဆေးလူမှုဆက်ဆံရေးဝန်ထမ်း များ၊ လူမှုဝန်ထမ်းဦးစီးဌာနမှဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ၊ဒုတိယညွှန်ကြားရေးမှူး များ၊ လက်ထောက်ညွှန်ကြားရေးမှူးများနှင့် Unicef (Myanmar)မှ တာဝန်ရှိသူများ စုစုပေါင်း (၁၂၀) ဦး တက်ရောက်ခဲ့ကြပါသည်။

## ၂။ ရည်ရွယ်ချက်

(က) ဆေးလူမှုဆက်ဆံရေးဝန်ထမ်းများနှင့် လူမှုဝန်ထမ်းဦးစီးဌာနမှဝန်ထမ်းများ စိတ်ကျန်းမာရေးနှင့် ပတ်သက်၍ ပိုမိုသိရှိလာစေရန်၊

(ခ) စိတ်မကျန်းမာသူများကို လူမှုရေးပိုင်းဆိုင်ရာကူညီပေးရာတွင် ပိုမိုထိရောက်မှုရှိစေရန်၊

(ဂ) မိဘစွန့်ပစ်ကလေးများနှင့်ပတ်သက်၍ စနစ်တခုထား၍ ဆောင်ရွက်နိုင်စေရန်နှင့် Gender Based Violence ခံစားရသော လူနာများကို ထိရောက်သောကူညီပံ့ပိုးမှုပေးနိုင်ရန်၊

(ဃ) စိတ်ကျန်းမာရေးဝန်ထမ်းများ၊ ဆေးလူမှုဆက်ဆံရေးဝန်ထမ်းများနှင့် လူမှုဝန်ထမ်းဦးစီးဌာနမှ ဝန်ထမ်းများပူးပေါင်းဆောင်ရွက်မှု ပိုမိုကောင်းမွန်လာစေရန်အတွက် လုပ်ငန်းစဉ်များချမှတ်ရန်

## ၃။ တင်ပြဆွေးနွေးချက်များ

- ❖ ဒေါက်တာတင်ဦး၊ ပါမောက္ခ/ဌာနမှူး(စိတ်ကျန်းမာပညာ)မှ Child and Adolescent Mental Health ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ပြခြင်း။
- ❖ ဒေါက်တာထွန်းဇော်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ပြန်လည်ထူထောင်ရေးဦးစီးဌာန) မှ ပြန်လည် ထူထောင်ရေးဦးစီးဌာန၏ လုပ်ငန်းစဉ်များတင်ပြခြင်း။
- ❖ ဒေါ်ရူပါမြ၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (လူမှုဝန်ထမ်းဦးစီးဌာန) မှ ကလေးသူငယ်ကာကွယ် စောင့်ရှောက်ရေးနှင့်ပတ်သက်သည့် ဆောင်ရွက်နေမှုများအခြေအနေကို တင်ပြခြင်း။
- ❖ ဒေါက်တာချစ်ကိုကို၊ (Child Protection Specialist) Unicef (Myanmar) မှ အလုပ်ရုံဆွေးနွေးပွဲ၏ မျှော်မှန်းရလဒ်များ၊ Unicef(Myanmar) ၏ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးနှင့်ပတ်သက်၍ မူဝါဒ၊ လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြခြင်း။
- ❖ နေပြည်တော်ပြည်သူ့ ဆေးရုံကြီး၊ ခုတင် -၁၀၀၀ မှ One Stop Crisis Center (OSCC) & Gender Base Violence တွင် ဆောင်ရွက်ပေးနိုင်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြခြင်းနှင့်
- ❖ ဒေါ်နန်းခင်မာလေး၊ ဒုတိယညွှန်ကြားရေးမှူး(ဆေးလူမှု)မှ ဆေးလူမှုဆက်ဆံရေးဝန်ထမ်းများ လုပ်ငန်းဆောင်ရွက်ပေးနိုင်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြခြင်းတို့ကို Power Point များဖြင့်တင်ပြခဲ့ကြရာ တင်ပြချက်များအပေါ် အစည်းအဝေးပွဲတက်ရောက်လာ

သူများမှ မေးမြန်းဆွေးနွေးခြင်းတို့ဖြင့် စတင်၍ အုပ်စုဖွဲ့ဆွေးနွေးခြင်းနှင့် အကြံပြုဆွေးနွေးခြင်း တို့ဖြင့် အလုပ်ရုံဆွေးနွေးပွဲ (၃) ရက်ကို ဆောင်ရွက်ခဲ့ပါသည်။

**၄။ အလုပ်ရုံဆွေးနွေးပွဲ ထောက်ခံအကြံပြုချက်များ**

၁။ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးနှင့် စိတ်ကျန်းမာရေးထိခိုက်ခံစားနေရသူများကို လူမှုပတ်ဝန်းကျင်မှာ ပြန်လည်ဝင်ဆံ့ရပ်တည်နေနိုင်ရေးတို့ကို ဝန်ကြီးဌာနနှစ်ခုပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရာတွင် ညွှန်းပို့ချက်ဆက်ခြင်းလုပ်ငန်းစဉ်တစ်ခု (Referral Pathway System) ချမှတ် ဆောင်ရွက်ရန်။

၂။ ဆေးလူမှုဆက်ဆံရေးဝန်ထမ်းများအား Counseling and Psycho Social Support ကို နည်းစနစ်ကျနစွာဝန်ဆောင်မှုပေးနိုင်ရန် လိုအပ်သောနည်းပညာများသင်ကြားရန်၊

၃။ ဆေးလူမှုဆက်ဆံရေးလုပ်ငန်းများဆောင်ရွက်ရာတွင်ဌာနတွင်း (လူနာဆောင်၊ ဆေးလူမှု၊ ဆေးရုံအုပ်ကြီး) နှင့် အခြားနေရာ/ဌာနသို့ လွှဲပြောင်းဆက်သွယ်ညွှန်းပို့တင်ပြရာတွင် အသုံးပြုမည့် ပုံစံ(၁) မှ (၆) အား ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြ၍ ခွင့်ပြုမိန့်တောင်းခံရန်။

၄။ စိတ်ကျန်းမာရေးပညာဌာနမှ ပြည်သူလူထုအတွင်း စိတ်ကျန်းမာရေးအသိပညာ ကျယ်ကျယ် ပြန့်ပြန့်ပေးရန်။

၅။ စိတ်ကျန်းမာရေးဆရာဝန်များ၊ ဆေးလူမှုဝန်ထမ်းများ ဖြည့်စွက်ခန့်ထားပေးရန်။

၆။ နိုင်ငံခြားသားလူနာများနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ သံရုံးများ၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ တရားရေး ဌာန၊ ဥပဒေဌာနတို့နှင့် ပူးပေါင်းဆောင်ရွက်ရန်။

၇။ စွန့်ပစ်ကလေးသူငယ်များကို ဆေးရုံများမှကျန်းမာရေးကောင်းမွန်သည်အထိ တာဝန်ယူစောင့် ရှောက်မှုပေးပြီး လူမှုဝန်ထမ်းဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံရန်။

၈။ စိတ်ကျန်းမာရေးလူနာများဆေးကုသမှုပြီးဆုံးပါက ၎င်းလူနာတို့၏ ပြန်လည်နေရာချထား ရေးတို့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့နှင့် ပူးပေါင်း ဆောင်ရွက်နိုင်ရန်။

၉။ ပူးတွဲဖြေရှင်းရန်လိုအပ်သောကိစ္စရပ်များတွင် ဌာနအလိုက်ဆောင်ရွက်ပေးနိုင်မှု အခြေအနေ ကို ပူးတွဲတင်ပြရန်။

၁၀။ အစည်းအဝေးမှတ်တမ်းအား ပြည်ထောင်စုဝန်ကြီးထံတင်ပြရန်နှင့် သက်ဆိုင်ရာဌာနများသို့ ဖြန့်ဝေရန်။

ဆေးလှူမှုဆက်ဆံရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးစီမံချက်